EDUCATION
DEPARTMENT

# UAW မှ ကြိုဆိုပါသည်

# ဤအလုပ်သမား အဖွဲ့အစည်းရဲ့ ခွန်အားသည် သင်ကိုယ်တိုင်ပင် ဖြစ်ပါသည်။

## သင် သည် ဤအဖွဲ့အစည်း၏ ခွန်အားဖြစ်သည်

ကျွန်ုတို့ အဖွဲ့အစည်းတွင် သင်လုပ်ဆောင်နိုင်သော ဆုံးဖြတ်ချက်များမှာ

- မိမိဒေသရှိ အလုပ်သမားအဖွဲ့ အရာရှိများ၊ လုပ်ပိုင်ခွင့်ရှိသူများနှင့် ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်း၊
- မိမိဒေသရှိ အလုပ်သမားအဖွဲ့၏ အမှုကိစ္စများတွင် ပါဝင်ခြင်း၊ ပေါ်လစီများ ဆုံးဖြတ်ခြင်းနှင့် အများစု မဲပေးဆုံးဖြတ်မှုအတွက် လှုပ်ရှားခြင်း
- သင်၏ သဘောတူစာချုပ်အပေါ် မဲပေးခြင်း

ထို ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်မှုတို့သည် မိမိဒေသရှိ အလုပ်သမားအဖွဲ့ အစည်းအဝေးများတွင် ဖြစ်ပေါ်ခြင်းကြောင့် မိမိဒေသရှိ အစည်းအဝေးများကို သိရှိစေရန် မှတ်သားထားခြင်းနှင့် တတ်နိုင်သမျှ တက်ရောက်နိုင်ရန် ကြိုးစားသင့်ပါသည်။

သင်သည် ကြီးမားသည့် လူပေါင်းစုံပါဝင်ပြီး အဖွဲ့ဝင်ပေါင်း ၄၀၀၀၀၀ ဖြင့်ဖွဲ့စည်းထားသည့် အမေရိကန်၊ ကနေဒါနှင့် ပေါ်တိုရီကိုနိုင်ငံများရှိ အလုပ်သမား အသင်းအဖွဲ့၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

သင်၏ အလုပ်သမား အသင်းအဖွဲ့ဝင် မိတ်ဆွေများသည် မော်တော်ကားလုပ်ငန်း၊ အလေးတင် ကုန်တင်ကားလုပ်ငန်း၊ လေကြောင်းနှင့် အာကာသ လုပ်ငန်း၊ စိုက်ပျိုးရေး အခြေပြု ကုန်ထုတ်လုပ်ရေး လုပ်ငန်း၊ အစိုးရလုပ်ငန်း၊ ကာဆီနို လောင်းကစားလုပ်ငန်း၊ တက္ကသိုလ်ကျောင်းများ၊ စီးပွားဖြစ်မဟုတ်သော အများ အကျိုးဆောင် လုပ်ငန်းများ၊ ယဉ်ကျေးမှု အဖွဲ့အစည်းများ၊ ဥပဒေရေးရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ရုံးများနှင့် ပညာရှင်အဆင့် လုပ်ငန်းများ၊ ကျွမ်းကျင် ကုန်သွယ်မှုများ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် များစွာသော စီးပွားရေး အခန်းကဏ္ဍမျိုးစုံတွင် ပါဝင်လုပ်ကိုင်နေကြသည်။

အလုပ်အကိုင် နယ်ပယ်ပေါင်းစုံပါဝင်ခြင်းကြောင့် နေ့စဉ်လူမှုဘဝတွင် ကြုံတွေ့ရသည့်အရာများနှင့် နှစ်ဦးနှစ်ဖက် ညှိနှိုင်းမှုများ၊ စည်းစနစ်ကျစွာ ဖွဲ့စည်း လုပ်ဆောင်မှုများအတွက်  ခိုင်မာသည့် အဖွဲ့အစည်းဖြစ်သည်။

မည်သည့် UAW အသင်းဝင်မဆို တစ်ဦးတစ်ယောက်တည်း မဖြစ်စေရ! ကျွန်ုပ်တို့ အသင်းအဖွဲ့ တည်မြဲနေရခြင်းမှာ ကမ္ဘာ့အကြီးမားဆုံး လုပ်ငန်းရှင်များနှင့် ရင်ဆိုင်ရာတွင် သင်၏ရှေ့မှ ရပ်တည်ပေးခြင်း၊ အလျှော့မပေး၊ ခေါင်းမာသည့် မန်နေဂျာများကိုရင်ဆိုင်ကာ ပိုမိုကောင်းမွန်သော လုပ်အားခများ၊ အကျိုးခံစားခွင့် များနှင့် အပြန်အလှန် လေးစားမှုတို့ ရယူအောင်နိုင်ရေးအတွက်ဖြစ်သည်!

အတူတကွဖြင့် ကျွန်ုပ်တို့၏ ဘဝနေထိုင်မှုများ၊ မိသားစုဝင်တို့၏ ဘဝများနှင့် မိမိနေထိုင်ရာ ပတ်ဝန်းကျင်တို့ တိုးတက်စေနိုင်ရန်ဖြစ်သည်။

အလုပ်သမား အသင်းအဖွဲ့များမှ စတင်ခဲ့သည့် ခံစားခွင့်များမှ အချို့မှာ

- ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှု ကာကွယ်ခြင်းများ
- အလုပ်ရှင်မှ စိုက်ထုတ်ပေးသော ကျန်းမာရေး အာမခံများ
- နာရီ ၄၀ အလုပ် သတင်းပါတ်
- အချိန်ပိုလုပ်ခ ပေးခြင်း
- အလုပ်နှင့် ဝင်ငွေထောက်ပံ့မှု

### သင်သိပါသလား?

ပျမ်းမျှအားဖြင့် သမဂ္ဂအလုပ်သမားများသည် ပျမ်းမျှ အပတ်စဉ် ဝင်ငွေတွင် nonunion လုပ်သားများထက် 15% ဝန်းကျင် ပိုမိုရရှိကြသည်။ (BLS၊ 2021)




@uaw

facebook.com/uaw.union

uaw.union

UAW ၏ ဖွဲ့စည်းပုံ အခြေခံ နှင့် အလုပ်သမားအသင်း၏ အခြား အချက်အလက်များ ပိုမိုသိလိုပါက UAW.org သို့ ဝင်ရောက်လေ့လာနိုင်သည်!

## UAW ၏ ဗဟို သတ်မှတ်ချက်များ

အဆင့်အတန်းမြင့်မားသော သဘောတူစာချုပ်များ တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်း

နှစ် ၈၀ ကျော်တိုင် ညှိနှိုင်းရယူပေးခဲ့သော သဘောတူစာချုပ်များမှ ရရှိခဲ့သော အကျိုးခံစားခွင့်များကြောင့် UAW အဖွဲ့ဝင်များနှင့် မိသားစုများ ပိုမိုကောင်းမွန်သော ဘဝများ ရရှိလာပါသည်။

လစာတိုးရနိုင်ရန် အတွက်သာမက ကောင်းမွန်သော ဘဝအဆင့်အတန်းနှင့် အနာဂါတ်အဖွဲ့ဝင်များ နေရာတစ်နေရာစာ ရရှိနိုင်ရေး သေချာရန်အတွက်လည်းပါဝင်ပါသည်။

အားလုံးဟာ ညီတူညီမျှပဲ

ကျွန်ုပ်တို့ အလုပ်သမားအဖွဲ့၏ လေးနက်သည့် အခြေခံမူမှာ အသက်အရွယ်၊ လိင်အမျိုးအစား၊ လူမျိုးနွယ်၊ ဇာတိဝေလေ့ထုံးစံ၊ ကိုးကွယ်ယုံကြည်ရာ ဘာသာ၊ မိမိ၏ လိင်ဖြစ်တည်မှုသတ်မှတ်ချက်၊ ကျွမ်းကျင်မှုနှင့် ပညာရေးအဆင့်တို့ ပဓာနမဟုတ်ပဲ အားလုံးသည် ညီတူညီမျှပင်ဖြစ်သည်။

ကျွမ်းကျင်အဆင့်မဟုတ်သော ကာယလုပ်သားများပင် အလုပ်သမား အခွင့်အရေး ရရှိသင့်သည် ဆိုသည့် ရုန်းထွက်လှုပ်ရှားမှုမှ ဤ အလုပ်သမားအဖွဲ့အစည်းကို စတင်ခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်တို့ ကိုယ်တိုင်အတွက်သာမက လူတိုင်းအတွက် ကြိုးပမ်းပေးပါသည်။

လူအားလုံးသည် အမျိုးမျိုးအဖုံဖုံ ဆက်နွယ်နေပါသည်။

အလုပ်လုပ်နေသော လူတိုင်းသည် အပြန်အလှန် လေးစားဆက်ဆံမှုနှင့် အလုပ်အတွင်း ဂုဏ်သိက္ခာရှိစွာ ဆက်ဆံခံရနိုင်ရန် ထိုက်တန်ပါသည်၊ သင့်တင့်မျှတသော လုပ်အားခရမှသာ မိမိ၏ မိသားစုများကို ပျိုးထောင်နိုင်မည်ဖြစ်သည်။ ဤအကြောင်းအရာမှာ အလုပ်နေရာတွင်သာမက  ကျော်လွန်လျက် ဖြစ်သင့်သည်ဟု ဆိုလိုပါသည်။

မိမိနေထိုင်ရာ ပတ်ဝန်းကျင် အသိုင်းအဝိုင်းနှင့် မိမိတို့၏ နိုင်ငံအတွက်လည်းဖြစ်သည်။

ကျွနိုပ်တို့သည် ၁၉၆၃ခုနှစ်တွင် သိက္ခာတော်ရ ဒေါက်တာ မာတင် လူသာကင်းနှင့်အတူ ဝါရှင်တန်မြို့သို့ ချီတက်ရာတွင်လည်း အတူရှိနေခဲ့သည်။

Cesar Chavez နှင့် လယ်ယာအလုပ်သမားများ စုပေါင်း အသင်းအဖွဲ့ကိုလည်း ထောက်ခံခဲ့ပြီးသည့်အပြင် တောင် အာဖရိကနိုင်ငံတွင် အကျဉ်းကျခံနေရသော နယ်လ်ဆင် မန်ဒဲလား လွတ်မြောက်ရေးအတွက်အဆိုကိုလည်း ထောက်ခံအားပေးခဲ့သည်ဖြစ်သည်။

ပေါင်မုန့်ပုံးသည် မဲပုံးနှင့် ဆက်နွယ်နေသည်။

အပြန်အလှန် ညှိနှိုင်းရာမှ ရရှိလာသော အကျိုးအမြတ် တိုးတက်မှုများသည် လွှတ်တော်နှင့် ပြည်နယ်ဆိုင်ရာ ဥပဒေပြဌာန်းသူများကြောင့် မကြာခဏ ပျက်စီးသွားလေ့ရှိသည်။

ထို့ကြောင့် ကျွန်ုပ်တို့ အဖွဲ့အစည်းမှ နိုင်ငံရေးအရ တက်ကြွလှုပ်မည့်အစီအစဉ်ကို အားသွန်ခွန်စိုက်လုပ်ဆောင်ပြီး အဖွဲ့ဝင်များ၏ ကိုယ်ကျိုးအတွက် ကာကွယ်မှုများဖြစ်သော အလုပ်သမား အခွင့်အရေး၊ အလုပ်ခွင် ဘေးကင်းလုံခြုံရေးနှင့် လူမှုဖူလုံရေးစသည့်အရာများကို ကြည့်ရှုပေးပါသည်။

စည်းရုံးခြင်း- ကျွန်ုပ်တို့၏ဒေသခံများသည် ကျွန်ုပ်တို့၏သမဂ္ဂတွင်ပါဝင်လိုသော အခြားအလုပ်သမားများအား အရင်းအမြစ်များနှင့် ဗျူဟာများပံ့ပိုးပေးနိုင်သော ကော်မတီတစ်ခု လိုအပ်ပါသည်။

## အမြဲတမ်း ကော်မတီ

ဖွဲ့စည်းပုံအခြေခံနှင့် ဥပဒေစည်းမျဉ်းများ - ဒေသခံများကို ဥပဒေစည်းမျဉ်းများ ပြန်လည်ဆန်းစစ်ခြင်းနှင့် စိစစ်တည်းဖြတ်ခြင်းအပြင် လုပ်ငန်းစီမံရေး စည်းမျဉ်းများကိုလည်း သတ်မှတ်စီစဉ်ရာတွင် ကူညီပေးသည်။

အလုပ်သမားအဖွဲ့ အမှတ်တံဆိပ် - အဖွဲ့ဝင်များကို မိမိဝယ်ယူသည့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအကြောင်း ပညာပေးခြင်းနှင့် မိတ်ဆွေများကိုလည်း အလုပ်သမားအဖွဲ့ဝင်ထားသော အလုပ်သမားများ၏ ထုတ်ကုန်များကို ဝယ်ယူရန် တွန်းအားပေးခြင်းများ ပြုလုပ်သည်။

ပညာပေးခြင်း - မိမိဒေသရှိ အလုပ်သမားအဖွဲ့ ခေါင်းဆောင်များနှင့် ပူးပေါင်းကာ သင်တန်းများ၊ ပစ္စည်းများနှင့် သတင်းအချက်အလက်တို့ကို စီစဉ်ပေးခြင်းဖြင့် အလုပ်သမားအဖွဲ့၏ အင်အားကို ကူညီတည်ဆောက်ပေးပါသည်။

မပြောင်းလဲအောင် ထိန်းသိမ်းခြင်းနှင့် အပန်းဖြေခြင်း - အပန်းဖြေခြင်း လှုပ်ရှားမှုများ စီစဉ်ပေးခြင်းနှင့် အဖွဲ့ဝင်များကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၏ အရေးပါပုံများ ပညာပေးခြင်းတို့ကို စီမံပေးသည်။

ရပ်ရွာဝန်းကျင် လုပ်အားပေး - အလုပ်လုပ်ရာ နေရာ ပိတ်သိမ်းခြင်းများ၊ ဆန္ဒထုတ်ဖော်ခြင်းများ၊ အလုပ်ရပ်ဆိုင်းခံရခြင်းများ နှင့် အခြား အခက်အခဲများကြုံနေရသော အဖွဲ့ဝင်များကို ကူညီထောက်ပံ့ခြင်း။

အများပြည်သူနှင့် လူ့အခွင့်အရေး - ကျွန်ုပ်တို့၏ “ခွဲခြားဆက်ဆံခြင်း လုံးဝမရှိရ” ပေါ်လစီအပေါ် စောင့်ကြပ်ခြင်းနှင့် အလုပ်လုပ်ရာ နေရာအပြင် မည်သည့်နေရာမဆို ခွဲခြားဆက်ဆံခြင်းကို ဖယ်ရှားသုတ်သင်နိုင်ရန် ကြိုးပမ်းခြင်း။

နိုင်ငံသားလှုပ်ရှားမှုနှင့် ဥပဒေပြဌာန်းမှု CAP - ဒေသတွင်းရှိ အဖွဲ့အစည်း၏ နိုင်ငံရေးဆိုင်ရာ ဥပဒေပြဌာန်းမှုများ ဆောင်ရွက်ရာတွင် လက်ရုံးသဖွယ်လုပ်ကိုင်လျက်ရှိသည်။

စားသုံးကုန် ကိစ္စရေးရာများ - အဖွဲ့ဝင်များ ဘေးကင်းသော၊ ရိုးသားမှန်ကန်သော ထုတ်ကုန်ပစ္စည်းသုံးစွဲစေရန် သေချာအောင် လုပ်ဆောင်ခြင်းနှင့် ကုန်ပစ္စည်းသုံးစွဲမှုမှဖြစ်နိုင်သော မထင်မှတ်ဘဲ အန္တရာယ် ကျရောက်နိုင်ခြင်းတို့အကြောင်း ပညာပေးများ စီစဉ်ပေးခြင်း။

ဝါရင့် ဝန်ထမ်းဟောင်းများ - လက်ရှိအဖွဲ့ဝင်များနှင့် အငြိမ်းစား UAW အဖွဲ့ဝင်ဟောင်းများ အားလုံး၏ ခေါင်းဆောင်မှု၊ လမ်းညွှန်မှုနှင့် ပညာရေးဆိုင်ရာ အရပ်ရပ်အတွက်ထောက်ခံအားပေးလျက်ရှိသည်။

အမျိုးသမီးများဆိုင်ရာ - အမျိုးသမီးများအတွက် ခေါင်းဆောင်မှုသင်တန်းများ စီစဉ်ပေးခြင်း၊ လေ့ကျင့်ပေးခြင်းအားဖြင့် မိမိတို့၏ ဒေသတွင်း တက်ကြွလှုပ်ရှားနိုင်ပြီး ခေါင်းဆောင်ရာထူးနေရာများသို့ တက်လှမ်းရယူနိုင် ရန်ဖြစ်သည်။

# EDUCATION
DEPARTMENT

*8000 East Jefferson Avenue*
*Detroit, Michigan 48214*
*(313) 926-5474*
*education@uaw.net*

DG:kc
opeiu494afl-cio

| | |
|---|---|
| **Publication:** | **#603 - BUR** |
| Version: | 2023v1 |
| Revised: | February 2023 |
| Printed: | |

For additional copies, contact:
UAW Purchasing Department
uawsupply@uaw.net
(313) 926-5221